ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ဒီးမော့ဆိုမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


## Village Development Plan (VDP)

ဝုါဆီဆောင်ကျေးရွာ၊ လိုဘာခိုအုပ်စု


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | ဒီးမော့ဆိုမြို့နယ်မြေပုံ | ၁ | ၁ |
| ၂။ | ကျေးရွာအုပ်စုမြေပုံ | ၂ | ၂ |
| ၃။ | ကျေးရွာမြေပုံ (တည်နေရာ) | ၃ | ၃ |
| ၄။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်းနှင့်လူဦးရေ | ၄ | ၄ |
| ၅။ | ကျေးရွာမြေပုံသုံးသပ်ချက် | ၅ | ၆ |
| ၆။ | ကျေးရွာသမိုင်းကြောင်းအကျဉ်းချုပ် | ၇ | ၈ |
| ၇။ | ကျေးရွာအတွင်းရှိ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၉ | ၉ |
| ၈။ | ကျေးရွာအတွင်းရှိ ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်သုံးသပ်ချက် | ၁၀ | ၁၁ |
| ၉။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်ခြင်း | ၁၂ | ၁၂ |
| ၁၀။ | ကျေးရွာအတွင်းရှိ ကျား/မဆိုင်ရာ ပင့်ကူအိမ်ဖော်ထုတ်သုံးသပ်ချက် | ၁၃ | ၁၄ |
| ၁၁။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း | ၁၅ | ၁၅ |
| ၁၂။ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်သုံးသပ်ချက် | ၁၆ | ၁၇ |
| ၁၃။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း | ၁၈ | ၁၈ |
| ၁၄။ | ကျေးရွာအတွင်းရှိ ရာသီခွင်ပြဇယားများကိုဖော်ထုတ်သုံးသပ်ချက် | ၁၉ | ၂၀ |
| ၁၅။ | ကျေးရွာအတွင်းရှိ ကော်မတီဝင်များစာရင်း/ဓါတ်ပုံ | ၂၁ | ၂၂ |
| ၁၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၃ | ၂၃ |
| ၁၇။ | ကျေးရွာအခြေခံအချက်အလက်ပုံစံ(၁) | ၂၄ | ၂၆ |
| ၁၈။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(ပုံစံ-၂) | ၂၇ | ၂၈ |
| ၁၉။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၉ | ၃၂ |
| ၂၀။ | ကျေးရွာအစည်းအဝေးမှတ်တမ်းများ | ၃၃ | ၃၄ |
| ၂၁။ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၃၅ | ၃၇ |


## ဒီးမော့ဆိုမြို့နယ်မြေပုံ


ဒီးမော့ဆိုမြို့နယ်အညွှန်းပြမြေပုံ
စကေး ၁ လက်မ = ၂ မိုင်
ရှမ်းပြည်နယ်
လွိုင်ကော်မြို့နယ်
ဖရူဆိုမြို့နယ်
ဘောလခဲမြို့နယ်
ညွှန်းချက်
ပြည်နယ်မြေား
မြို့နယ်မြေား
အုပ်စုမြေား
ဒီးမော့ဆိုမြို့
ကျေးရွာအုပ်စု
ကျေးရွာ
ရဲစခန်း/ရဲကင်း
ကားလမ်း
ရထားလမ်း
မြစ်/ချောင်း
ဆည်/ကန်

## လိုဘာခိုကျေးရွာအုပ်စုမြေပုံ



ဝှါဆီဆောင်ကျေးရွာ၏ ကျေးရွာမြေပုံ(တည်နေရာ)



# ဒီးမော့ဆိုမြို့နယ်

## လိုဘာခိုအုပ်စု၊ ကျေးရွာ(၅)ရွာ၏အမည်၊ အိမ်ခြေနှင့် လူဦးရေစာရင်းများ

| စဉ် | အုပ်စု | ကျေးရွာ | အိမ်ခြေ | ကျား | မ | ပေါင်း |
|---|---|---|---|---|---|---|
| ၁။ | လိုဘာခိုအုပ်စု | ယပ်ခူကျေးရွာ | ၅၁ | ၁၆၁ | ၁၄၉ | ၃၁၀ |
| ၂။ | လိုဘာခိုအုပ်စု | ဝှါဆီဆောင်ကျေးရွာ | ၃ | ၁၀ | ၈ | ၁၈ |
| ၃။ | လိုဘာခိုအုပ်စု | ဆောင်ဒူကျေးရွာ | ၁၅၅ | ၄၃၁ | ၃၉၁ | ၈၂၂ |
| ၄။ | လိုဘာခိုအုပ်စု | ဆီးဘူးပလော့ကျေးရွာ | ၂၃ | ၆၆ | ၆၂ | ၁၂၈ |
| ၅။ | လိုဘာခိုအုပ်စု | လိုဘာခိုကျေးရွာ | ၁၈၆ | ၅၂၀ | ၅၅၇ | ၁၀၇၇ |

# လိုဘာခိုကျေးရွာအုပ်စု၊ ယပ်ခူနှင့်ဂှါဆီဆောင်ကျေးရွာ

## လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံသုံးသပ်ချက်

ဤကျေးရွာများသည် လွန်ခဲ့သော AD ၁၅၀၀ ခုနှစ်ဝန်းကျင်တွင် အိမ်ခြေ(၄)လုံးဖြင့် စတင်တည်ထောင်ခဲ့ပြီး ယခုအခါ အိမ်ခြေ(၅၀)လုံးဖြင့်တည်ရှိပါသည်။ ဒီးမော့ဆိုမြို့နှင့် (၂၂)မိုင်ခန့် ဝေးကွာပြီး ဒီးမော့ဆို-တောင်ငူလမ်းမကြီးမှတဆင့်မြေသားလမ်းနှင့် (၁)မိုင်ကျော်ခန့်ကွာဝေးသော ယပ်ခူကျေးရွာသို့ရောက်ရှိပြီး ယပ်ခူကျေးရွာမှတဆင့် လူသွားလမ်းဖြင့် (၄)မိုင်ကွာဝေးသော အိမ်ခြေ(၃)လုံးဖြင့်တည်ရှိသော ဂှါဆီဆောင် ကျေးရွာကို ရောက်ရှိပါသည်။ ဤကျေးရွာများသည် ရှမ်း-ကယား နယ်စပ်တွင်တည်ရှိပါသည်။ ကျေးရွာများသည် တောင်ကုန်းတောင်တန်းပေါ်တွင်တည်ရှိသောကြောင့် ရွာကြားလမ်းသည်လူသွားလမ်းဖြစ်ပြီးမိုးရာသီအချိန်တွင် ရွာကြားလမ်းများသည် ရွှံ့ဗွက်များရှိသောကြောင့် ကြက်ပေါင်ဖိနပ်ဖြင့်သာသွားလာရပါသည်။ လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းတွင် ယပ်ခူနှင့်ဂှါဆီဆောင်ကျေးရွာချင်းဆက်မြေသားလမ်းဖြင့် ထောက်ပံ့ငွေများ ပြုလုပ်နေပါသည်။

ကျေးရွာများအနေဖြင့် အဓိကအသက်မွေးဝမ်းကြောင်းမှာ တောင်ယာ/လယ်ယာများဖြစ်ကြပါသည်။ စီးပွားရေးအရင်းအမြစ်အနေဖြင့် တောင်ယာထဲတွင် ငရုတ်သီးပင်များ စိုက်ပျိုးထားခြင်းဖြင့် စားဝတ်နေရေးအတွက်အထောက်အကူရရှိပါသည်။ တောင်ယာလယ်ယာဖြင့် လုပ်ကိုင်စားသောက်သော်လည်း အချို့မိသားစုသာ ဝမ်းစာဖူလုံမှုရှိပြီး အချို့မိသားစုများမှာ ဝမ်းစာဖူလုံမှု မရှိပါ။ နေအိမ်အမျိုးအစားမှာ ပျဉ်ထောင်အိမ်များဖြစ်ကြပါသည်။

ကျေးရွာတွင်ရှိသော အဆောက်အဦများမှာ မူလတန်းအဆင့်စာသင်ကျောင်း၊ မူကြိုကျောင်း၊ ဘုရားကျောင်းနှင့်တံခွန်တိုင်ဝိုင်းများရှိကြပါသည်။ ထို့ကြောင့် အဆောက်အဦများကို သုံးသပ်ခြင်းအားဖြင့် ဤကျေးရွာတွင် တံခွန်တိုင်ဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ဗြဟ္မရိုစိုဘာသာစသည်တို့ မိမိတို့ယုံကြည်ရာကိုးကွယ်ကြပါသည်။ ၂၀၁၈ ခုနှစ် လူထုဗဟိုပြုစီမံကိန်းတတိယနှစ်တွင် ဤကျေးရွာဖွံ့ဖြိုးရေးအတွက် ခန်းမဆောင်အဆောက်အဦတည်ဆောက်ပေးပါသည်။

ကျေးရွာတွင် ကျန်းမာရေးအတွက် ဆေးပေးခန်းမရှိသော်လည်း အခြေခံစောင့်ရှောက်မှုအတွက်စေတနာ့ဝန်ထမ်းများရှိပါသည်။ ရရှိသုံးစွဲသော ရေအရင်းအမြစ်မှာ ကျေးရွာနှင့် (၁)မိုင်ခန့်ဝေးကွာသော စိမ့်စမ်းရေထွက်ပေါက်မှတဆင့် ပိုက်ဖြင့်ကျေးရွာထိ သွယ်ယူထားပါသည်။ ရေပိုက်များပြုပြင်ထိန်းသိမ်းရန်မှာ အားနည်းသောကြောင့် နွေရာသီတွင် ရေရှိမှုမလုံလောက်ပါ။

ဤကျေးရွာများသည် နေစားအလုပ်သမားများမှ အရင်းအမြစ်ကိုလမ်းလှမ်းမီသော်လည်း ကျေးရွာအတွင်းတွင် ပုံမှန်အလုပ်မရှိခြင်း၊ ဝင်ငွေနည်းပါးခြင်း၊ စားဝတ်နေရေးအတွက် ငွေများကြို

တင်ချေးယူရခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ လျှပ်စစ်မီးမရရှိခြင်း၊ ပညာတတ်မြောက်မှုနည်းပါးခြင်း၊ နည်းပညာနှင့် အရင်းအနှီးပံ့ပိုးမှုလိုအပ်ခြင်း စသည်တို့ကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးအတွက် လိုအပ်နေသေးကြောင်း သိရှိရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၇) ဦး၊ မ (၁၇) ဦး

# ၇
# လိုဘာခိုကျေးရွာအုပ်စု၊ ဝှါဆီဆောင်ကျေးရွာ

## ကျေးရွာသမိုင်းအကျဉ်း

ဤကျေးရွာသည် ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်နယ်စပ်တွင် တည်ရှိသော ရွာတစ်ရွာဖြစ်ပါသည်။ နောက်မကြာမီတွင် ပြည်နယ်နယ်နိမိတ်ပြန်လည်အသိအမှတ်ပြုသောအခါ ဤကျေးရွာနယ်နိမိတ်တစ်ဝက်သည် ရှမ်းပြည်နယ်ဖက်သို့ ရောက်ရှိသွားပြီး ကျန်တစ်ဝက်မှာ ကယားပြည်နယ်ဘက်သို့ ရောက်ရှိသွားကာ ကျေးရွာနှစ်ခြမ်းကွဲသွားကြပါသည်။ ကယားပြည်နယ်ဘက်တွင် ကျန်ရှိသော ဝှာဆီဆောင်ကျေးရွာလူထုသည် ကယားပြည်နယ်နယ်နိမိတ်ကို ယခုအခါထိ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါသည်။ အိမ်ခြေ(၃)လုံးသာရှိပြီး ကယန်းလူမျိုးများဖြစ်သော ရွာငယ်လေးတစ်ရွာဖြစ်ပါသည်။ ၁၉၇၇ ခုနှစ်ခန့်တွင် ကျေးရွာ၏ အိမ်ခြေ(၁၈)အိမ်ရှိပြီး လူဦးရေ(၈၀)ခန့်ရှိခဲ့ပါသည်။ ၁၉၇၈ ခုနှစ်တွင် ကိုယ်ထူကိုယ်ထစာသင်ကျောင်းကို (၂)နှစ်အထိ ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၈၀ ခုနှစ်တွင် အစိုးရမူလတန်းစာသင်ကျောင်း ရရှိခဲ့ပြီး (၅)နှစ်အတွင်းသာ ဖွင့်လှစ်နိုင်ခဲ့ရာ နောက်ပိုင်းတွင်ကျောင်းသားဦးရေနည်းခြင်းကြောင့် အစိုးရစာသင်ကျောင်း ရပ်ဆိုင်းခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် နဝတစစ်အစိုးရအမိန့်ထုတ်ပြန်ချက်အရ ဖြတ်(၄)ဖြတ်ဖြင့် ဤကျေးရွာသည် အုပ်စုကျေးရွာအတွင်းဖြစ်သော လိုဘာခိုကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရပါသည်။ ၁၉၉၃ ခုနှစ်တွင် မိမိကျေးရွာတွင် ပြန်လည်နေထိုင်ခွင့်ရရှိခဲ့ပါသည်။ ၂၀၀၂ ခုနှစ်တွင် ယပ်ခူနှင့်ဝှါဆီဆောင်ကျေးရွာ ရွာချင်းဆက်မြေသားလမ်းကိုယ်ထူကိုယ်ထ (၃)ပေလမ်းကို ဖောက်ရန် အစီအစဉ်ရှိခဲ့သော်လည်း (၃)နှစ်ကြာသည်အထိ အောင်မြင်မှုမရရှိခဲ့ပေ။ လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိသောကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေးနှင့်စားဝတ်နေရေး စသည့် အဖက်ဖက်မှ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးခဲ့ပါသည်။

ပါဝင်ဆွေးနွေးသူ ကျား (၃) ဦး၊ မ (၁) ဦး

# လိုဘာခိုကျေးရွာအုပ်စု၊ ယပ်ခူကျေးရွာ


## ကျေးရွာသမိုင်းအကျဉ်း

ဤကျေးရွာသည် AD ၁၄၈၆ ခုနှစ်ခန့်တွင် စတင်တည်ထောင်ခဲ့ပြီး အိမ်ခြေ(၄)လုံးခန့်သာ ရှိခဲ့ပါသည်။ ရိုးရာတံခွန်တိုင်ဘာသာကိုးကွယ်ယုံကြည်ကြပြီး ကယန်းလူမျိုးများဖြစ်ကြပါသည်။ ၎င်းကျေးရွာတွင် မျိုးနွယ်စု(၄)စုရှိပြီး ၎င်းတို့မှာ မာန်မျိုး၊ စော့မျိုး၊ လိန်မျိုးနှင့်ဖေါမျိုးနွယ်စုတို့ ဖြစ်ကြပါသည်။ မာန်မျိုးနှင့် စောမျိုးနွယ်စုတို့သည် ယပ်တောင်ဟုခေါ်ဆိုသော တောင်ပေါ်တွင် နေထိုင်ကြပြီး ၎င်းကျေးရွာကို မာန်ယပ်စောကျေးရွာဟု အမည်တွင်ခဲ့ပါသည်။ သို့သော် နှစ်အနည်းငယ်ကြာလာသောအခါ အချင်းချင်း အဆင်မပြေမှုမရှိခဲ့၍ ယခုလက်ရှိကျေးရွာတွင် မာန်မျိုးနွယ်စုက ဦးဆောင်ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ကျန်ရှိသော မျိုးနွယ်စုအားလုံးလည်း အတူတကွပူးပေါင်းနေထိုင်ကြရန် သဘောတူကြပါသည်။ ထို့ကြောင့် ကျေးရွာကို မာန်ယပ်စောကျေးရွာဟု ခေါ်ဆိုကြပြီး နောက်ပိုင်းတွင် ယပ်ခူကျေးရွာဟု ပြန်လည်ခေါ်ဆိုခဲ့ပါသည်။

၁၉၉၂ ခုနှစ်တွင် လိုဘာခိုအုပ်စုအတွင်းရှိ ကျေးရွာများဖြစ်သော ယပ်ခူကျေးရွာအပါအဝင် န၀တက ဖြတ်(၄)ဖြတ်ဖြင့် လိုဘာခိုကျေးရွာတွင် ပြောင်းရွှေ့နေထိုင်ကြရန် အမိန့်ထုတ်ပြန်ပါသည်။ ၁၉၉၃ ခုနှစ်တွင် မိမိကျေးရွာသို့ ပြန်လည်နေထိုင်ခွင့်အမိန့်ရရှိသောအခါ ကျေးရွာလူထုအတွက် မေ့မရသော နှစ်တစ်နှစ်ဖြစ်ပါသည်။ ယခုလက်ရှိ အိမ်ထောင်စု(၅၀)ရှိပြီး ရိုးရာတံခွန်တိုင်၊ ဗြဟ္မာရိုင်စို နှင့် ခရစ်ယာန်ဘာသာကို ကိုးကွယ်ယုံကြည်ကြပါသည်။ ဤကျေးရွာတွင် ဘာသာ(၃)မျိုးရှိသော်လည်း ချစ်ချစ်ခင်ခင်နှင့် ပေါင်းသင်းဆက်ဆံရေးမှာလည်းကောင်းပါသည်။ ဤကျေးရွာတွင် နည်းပညာ၊ ဗဟုသုတ၊ လူမှုရေး၊ စီးပွားရေးနှင့် ကျန်းမာရေးစသည့် အဖက်ဖက်မှာ ဖွံ့ဖြိုးမှုနှေးကွေးပါသည်။

ပါဝင်ဆွေးနွေးသူ ကျား (၅) ဦး၊ မ (၃) ဦး

## ယပ်ရူနှင့်ဝှါဆီဆောင်ကျေးရွာ၊ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း


လိုဘာဒို ဒုပ်စု
ယပ်ရူ+ဝှါဆီဆောင် ကျေးရွာ

ဥစ္စာဓနကြွယ်ဝမှုဇယား

ရက်စွဲ- ၁၈.၁၀.၁၇
ဆွေးနွေးသူဦးရေ က- ၂၇ / မ- ၁၇

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| A | လယ် (၁.5) ဧကနှင့်အထက်၊ ပျဉ်ထောင်အိမ်အကြီးစား၊ ယာ (၁၀) ဧကနှင့်အထက်၊ ဆိုင်ကယ်/ထော်လာဂျီရှိ၊ ကျွဲ၊နွား (၁၀) ကောင်နှင့်အထက် | ၃ | 5.6 |
| B | လယ် (.၅) ဧက၊ ယာ (၅) ဧက၊ ဆိုင်ကယ်ရှိ၊ ပျဉ်ထောင်အိမ်အလတ်စား၊ ကျွဲ၊နွား (၃-၅) ကောင်ရှိ၊ ကျဘမ်းအလုပ် | ၃၃ | 61.1 |
| C | လယ်မရှိ၊ ယာ (၃) ဧကအောက်၊ ပျဉ်ထောင်အိမ်အသေးစား၊ ကျဘမ်းအလုပ် | ၁၈ | 33.3 |
| | | ၅၄ | 100% |

# လိုဘာခိုကျေးရွာအုပ်စု၊ ယပ်ခူနှင့်ဂွါဆီဆောင်ကျေးရွာ

## ဥစ္စာခနေအင်အား အဆင့်သတ်မှတ်ချက်

ဤကျေးရွာတွင် ဥစ္စာခနေကြွယ်ဝမှုအဆင့်ကို A, B, C ဖြင့် သတ်မှတ်ပြီးအိမ်ခြေအလိုက် ရာခိုင်နှုန်းဖြင့် ဖော်ပြထားပါသည်။

အဆင့် A တွင် ပိုင်ဆိုင်မှုများမှာ လယ်(၁၅)ဧကနှင့်အထက်၊ ပျဉ်ထောင်အိမ်အကြီးစား၊ ယာ(၁၀)ဧကအထက်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကျွဲ/နွား(၁၀)ကောင်နှင့်အထက် ပိုင်ဆိုင်ကြပါသည်။ ၎င်းတို့သည် အများအားဖြင့်မိဘဘိုးဘွားဆီးက အမွေရထားကြပါသည်။ ရရှိသောတောင်ယာ လယ်ယာဖြင့် မိသားစုစားဝတ်နေရေးဖူလုံရန်အတွက် လုပ်ဆောင်ရပါသည်။ ကျွဲ/နွား ထော်လာဂျီများသည်လည်း တောင်ယာလယ်ယာလုပ်ငန်းလုပ်ဆောင်ရန်အတွက် အသုံးပြုရခြင်းဖြစ်သည်။ ထို့ကြောင့် ပိုင်ဆိုင်ထားသောအရာများသည် တစ်နေ့တာလုပ်ငန်းလုပ်ဆောင်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကြောင့် အခြားပြင်ပဝင်ငွေရရှိမှု၊ အချိန်ပေးမှုနည်းပါသည်။ ခန့်မှန်းချေအားဖြင့် တစ်နှစ်တာဝင်ငွေ(၁၀)သိန်းခန့်ရှိပါသည်။ ဤအဆင့်တွင် တစ်နေ့တာစားဝတ်နေရေးအတွက်ဖူလုံသောကြောင့် ရရှိသည့်ဝင်ငွေမှ သားသမီး ပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးအတွက် လုံလောက်မှုရှိပါသည်။


အဆင့် B ၏ ပိုင်ဆိုင်မှုများမှာ လယ်(၅)ဧက၊ ယာ (၅)ဧက၊ ဆိုင်ကယ်၊ ပျဉ်ထောင်အိမ်အလတ်စား၊ ကျွဲ/နွား (၃ - ၅)ကောင်ရှိပြီး ကျဘမ်းအလုပ်လုပ်ကိုင်သူများပါသည်။ ဤအဆင့်တွင် ပိုင်ဆိုင်မှု A အဆင့်ထက်နည်းသောကြောင့် ကိုယ်ပိုင်တစ်ပိုင်တစ်နိုင်လုပ်ကိုင်ရသော တောင်ယာလယ်ယာနည်းပါသည်။ ထို့ကြောင့် အခြားပြင်ပမှ ဝင်ငွေရရှိသောအလုပ်ဖြစ်သော နေ့စားအလုပ်၊ သစ်တောသဘာဝအရင်းအမြစ်သယံဇာတရှာဖွေမှု အချိန်ပိုရရှိပါသည်။ ရရှိသောဝင်ငွေမှ ဝမ်းစာဖူလုံရန်အတွက် အဓိကဆန်ဝယ်စားရခြင်း၊ သားသမီးပညာရေး၊ ကျန်းမာရေးနှင့် စားဝတ်နေရေးအတွက် လုံလောက်ရုံမျှသာရှိပါသည်။ ခန့်မှန်းချေအားဖြင့် တစ်နှစ်တာဝင်ငွေ(၁၀)သိန်းခန့်ရှိပါသည်။

အဆင့် C တွင် ပိုင်ဆိုင်မှုများမှာ ယာ(၃)ဧကအောက်။ ပျဉ်ထောင်အိမ်အသေးစားနှင့် ကျဘမ်းအလုပ်ပို၍ လုပ်ကိုင်နိုင်ကြပါသည်။ ဤအဆင့်တွင် ပိုင်ဆိုင်မှုအနည်းငယ်သာရှိသောကြောင့် ဝင်ငွေရသော အလုပ်ဖြစ်သော သစ်တောသဘာဝအရင်းအမြစ် သယံဇာတရှာဖွေမှုကို အချိန်ပိုပေးနိုင်သောကြောင့် ခန့်မှန်းခြေတစ်နှစ်တာဝင်ငွေ(၁၅)သိန်းနှင့်အထက် ရှိပါသည်။ သို့သော် ရရှိသောဝင်ငွေမှ စားဝတ်နေရေးအတွက် အစစအရာရာဝယ်ယူရခြင်းကြောင့် ဝင်ငွေရသလောက်ဝယ်စားကြပြီး ဝင်ငွေမရှိသည့်ကာလမှာ ငွေကြေးအားဖြင့်သော်လည်းကောင်း၊ ပစ္စည်းအားဖြင့်သော်လည်းကောင်း အခြားသူထံတွင် ချေးယူရပါသည်။

ထို့ကြောင့် ကျေးရွာများ၏ ဥစ္စာခနေကြွယ်ဝမှုပြဇယားကို ကြည့်ခြင်းအားဖြင့် အဆင်မပြေသောအိမ်ထောင်စုများသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် နည်းပညာနှင့် အရင်းအနှီးများ လိုအပ်နေသေးကြောင်းကို သိသာထင်ရှားစွာဖော်ပြထားပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၇) ဦး၊ မ (၁၇) ဦး

**ယပ်ခူကျေးရွာနှင့် ဂှါဆီဆောင်ကျေးရွာ၏ ကျား/မဆိုင်ရာပင့်ကူအိမ်ဖော်ထုတ်ခြင်း**



# လိုဘာခိုကျေးရွာအုပ်စု၊ ယပ်ခူနှင့်ဌါဆီဆောင်ကျေးရွာ

## ပင့်ကူအိမ်သုံးသပ်ချက်


ပင့်ကူအိမ်သုံးသပ်ခြင်းကို ကြည့်ခြင်းအားဖြင့် အမျိုးသမီးများ၏အခြေအနေနှင့် အဆင့်အတန်းကို သိရှိရပါသည်။ ကျေးရွာများ၏ အရင်းအမြစ်အပေါ်အမျိုးသားများနှင့် အမျိုးသမီးများ ပိုင်ဆိုင်ထိန်းချုပ်ထားမှုများကိုလည်း ၁ မှ ၁၀ အထိ ရာခိုင်နှုန်းစံသတ်မှတ်ခဲ့ကြပါသည်။

- အမွေရပိုင်ခွင့်ပတ်သက်၍ မိဘများက ရိုးရာဓလေ့အရ အမျိုးသားကိုသာ အမွေရပိုင်ခွင့်ရှိသောကြောင့်ပိုများရခြင်းဖြစ်သည်။ အမျိုးသမီးများအနေဖြင့် ပညာရေးအမွေသာ ရရှိသောကြောင့် အမျိုးသားထက်နည်းရခြင်းဖြစ်သည်။
- ဝင်ငွေရရှိမှုမှာ အမျိုးသားက ရွာတွင်းရွာပြင် အလုပ်ပိုမိုလုပ်ကိုင်ရခြင်းနှင့် ကာယခွန်အားပိုကြီးခြင်းကြောင့် ပိုများရခြင်းဖြစ်သည်။ အမျိုးသမီးများက အိမ်မှုကိစ္စတွင် တာဝန်ပိုယူရခြင်း၊ ရွာတွင်းမှာ ဝင်ငွေရသောအလုပ်သာလုပ်ရခြင်းကြောင့် အမျိုးသားထက် ပိုနည်းရခြင်းဖြစ်သည်။
- အိမ်မှုကိစ္စဆောင်ရွက်မှုမှာ ဝင်ငွေရသည့်အလုပ်က အမျိုးသားတာဝန်ပိုယူရသည်ဟု ရိုးရာဓလေ့အစွဲဖြစ်ပြီး အိမ်မှုကိစ္စမှာ အမျိုးသမီးများက တာဝန်ပိုယူရသည်ဟု ရိုးရာဓလေ့အစွဲအယူအဆများရှိပါသည်။ ထို့ကြောင့်အိမ်မှုကိစ္စမှာ အမျိုးသားနည်းပြီး အမျိုးသမီးများရခြင်းဖြစ်ပါသည်။
- လုံခြုံမှုမှာ လမ်းခရီးဝေးကွာရာတွင်လည်းကောင်း၊ ညအမှောင်သွားလာရာတွင်လည်းကောင်း၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတွင်လည်းကောင်း၊ ကိုယ့်ကိုကိုယ်ယုံကြည်မှုရှိရာတွင်လည်းကောင်း အမျိုးသမီးသည် အမျိုးသားထက်နည်းပါးသည်။
- ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း အိမ်မှုကိစ္စတစ်ခုအပါအဝင်ဖြစ်သောကြောင့် အမျိုးသမီးသည် အမျိုးသားထက်များရခြင်းဖြစ်သည်။ အမျိုးသမီးများခရီးလွန်ခြင်း၊ နာမကျန်းဖြစ်ခြင်းစသည်တို့ ကိစ္စတစ်ခုခုရှိလျှင်သာ အမျိုးသားများက မိသားစုကျန်းမာရေးအတွက် အလေးထားမှု ရှိလာပါသည်။
- ပူးပေါင်းပါဝင်မှုတွင် ကျေးရွာ၏ လူမှုရေး၊ သာရေး/နာရေးတွင် အမျိုးသမီးနှင့် အမျိုးသားများ အတူတကွပူးပေါင်းပါဝင်မှုရှိသည်ကို တွေ့ရှိရပါသည်။
- ဆုံးဖြတ်ပိုင်ခွင့်နှင့် ဦးဆောင်ပိုင်ခွင့်တွင် ရိုးရာဓလေ့အရ အမျိုးသားက ပိုမိုဦးဆောင်ရပါသည်။ အမျိုးသမီးများသည် ပတ်ဝန်းကျင်အစဉ်အလာအရ အထင်သေးခံရခြင်း၊ အများရှေ့ပြောဆိုရန်ခက်ခဲခြင်း၊ မိမိကိုယ်ကို ယုံကြည်မှုအားနည်းခြင်း၊ ကာယခွန်အားနည်းခြင်း စသည်တို့ကြောင့် ဦးဆောင်ဆုံးဖြတ်ရာတွင် အမျိုးသားထက်နည်းပါးသည်။

ထိုသို့ဆွေးနွေးခြင်းများ ပြုလုပ်ခြင်းအားဖြင့် ကျေးရွာ၏ အရင်းအမြစ်အပေါ်တွင် အမျိုးသား အမျိုးသမီးများ၏ အားသာချက်၊ အားနည်းချက်များနှင့် ရိုးရာဓလေ့အရ အခြေအနေများ မတူညီကွဲပြားနေသည်ကို သိရှိပြီး လက်တွဲခေါ်ယူသွားရန်ဖြစ်ပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၇) ဦး၊ မ (၁၇) ဦး

**ယပ်ခူကျေးရွာနှင့် ဂွါဆီဆောင်ကျေးရွာ၏ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုဖော်ထုတ်ခြင်း**



# လိုဘာခိုကျေးရွာအုပ်စု၊ ယပ်ခူနှင့်ဝ့ါဆီဆောင်ကျေးရွာ

## အဖွဲ့အစည်းဆိုင်ရာ ချိတ်ဆက်မှုသုံးသပ်ချက်

ကျေးရွာများ၏ အဖွဲ့အစည်းချိတ်ဆက်မှုပုံကို ကြည့်ခြင်းအားဖြင့် ကျေးရွာတွင်းနှင့် ပြင်ပတွင်ရှိသော အဖွဲ့အစည်းများကို သိရှိပြီး ကျေးရွာအတွက်အရေးပါသော အုပ်စုများကိုလည်း သိရှိရပါသည်။

ကျေးရွာအတွင်းတွင်ရှိသော အဖွဲ့အစည်းများမှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ လူငယ်အဖွဲ့ နှင့် ဘာသာရေးအဖွဲ့သည် ကျေးရွာအတွက် ပြဿနာတစ်ခုခုပေါ်ပေါက်ရာတွင် ဖြေရှင်းပေးသောအဖွဲ့၊ အဓိကအရေးပါသောအဖွဲ့ဖြစ်သည်။ ဘာသာရေးအဖွဲ့နှင့် ဆက်နွယ်သော အားနာအသင်း၊ ဖခင်အသင်းတို့သည်လည်း ကျေးရွာအတွက် အသင့်အတင့်အရေးပါသောအဖွဲ့များဖြစ်ကြသည်။ အုပ်ချုပ်ရေးအဖွဲ့နှင့်ဆက်နွယ်သော ကျန်းမာရေးကော်မတီအဖွဲ့နှင့် ပညာရေးကော်မတီအဖွဲ့များသည်လည်း ကျေးရွာအတွက် အသင့်အတင့်အရေးပါသောအဖွဲ့များဖြစ်ကြပါသည်။

ကျေးရွာပြင်ပတွင်ရှိသောအဖွဲ့အစည်းများမှာ KRDO၊ မေတ္တာ(စိုက်ပျိုးရေး)၊ CDD၊ အုပ်စုအုပ်ချုပ်ရေးမှူး၊ MAM နှင့် 3MDG(IOM) အဖွဲ့များဖြစ်ကြပါသည်။ KRDO၊ မေတ္တာ(စိုက်ပျိုးရေး)၊ MAM နှင့် 3MDG(IOM) အဖွဲ့များသည် ကျေးရွာအတွက် အသင့်အတင့်အရေးပါသော အဖွဲ့များဖြစ်ကြပါသည်။

- KRDO(ကယန်းဒေသလူမှုဖွံ့ဖြိုးရေးအဖွဲ့)မှာ စီမံကိန်းသက်တမ်း(၁)နှစ်သာရှိပြီး ၂၀၁၇ ခုနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ခန်းမဆောင်ခြံစည်းရိုးအတွက် ထောက်ပံ့ငွေများ လာရောက်ကူညီပံ့ပိုးပေးပါသည်။
- မေတ္တာ(စိုက်ပျိုးရေး)အဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးနည်းပညာနှင့် အရင်းအနှီးများထောက်ပံ့ပေးပါသည်။
- MAM(လူထုအခြေခံကျန်းမာရေး)အဖွဲ့သည် အခြေခံကျန်းမာရေးကုသရန်အတွက် ဆေးဝါးများထောက်ပံ့ပေးခြင်းနှင့် အရေးပေါ်လူနာများဖြစ်သော ငှက်ဖျားရောဂါ၊ တီဘီရောဂါ၊ AIDS ရောဂါ စသည့် ရောဂါသည်များအတွက် ဆေးရုံသို့တက်ရောက်ကုသရန်အတွက် ငွေကြေးများ ထောက်ပံ့ပေးပါသည်။
- 3MDG(IOM) အဖွဲ့သည် အရေးပေါ်လူနာများဖြစ်သော ကိုယ်ဝန်ဆောင်မိခင်နှင့် (၅)နှစ်အောက်ကလေးများအတွက် ဆေးရုံသို့ သွားရောက်ကုသရန်အတွက် ငွေစု/ငွေချေးအသေးစားများပြုလုပ်ပေးပါသည်။
- အုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာအဆင့်မပြီးပြတ်သေးသော ကိစ္စရပ်များနှင့် အထက်အဆင့်သို့ လွှဲပြောင်းရသောကိစ္စအတွက် အရေးပါသောအဖွဲ့ဖြစ်သည်။ ဤအဖွဲ့သည် ကျေးရွာ

ဖွံ့ဖြိုးရေးအတွက် အနည်းငယ်သာ အရေးပါသောအဖွဲ့ဖြစ်သည်။

- CDD(လူထုဗဟိုပြုစီမံကိန်း)အဖွဲ့သည် စီမံကိန်းသက်တမ်း(၄)နှစ်ရှိရာတွင် ဤကျေးရွာများ ဖွံ့ဖြိုးရေးအတွက် ပထမနှစ်စက်ဝန်းတွင်လည်းကောင်း၊ တတိယနှစ်စက်ဝန်းတွင်လည်းကောင်း ထောက်ပံ့ငွေများ ကူညီပံ့ပိုးပေးပါသည်။ ဤအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေနှင့်လူထုစွမ်းဆောင်ရည် မြှင့်တင်ရန်အတွက် ကော်မတီများ သင်တန်းပေးခြင်းနှင့် လက်တွေ့ဆောင်ရွက်ခြင်းစသည်တို့ကြောင့် ကျေးရွာအတွက် အဓိကအရေးပါသော အဖွဲ့ဖြစ်သည်။

ထို့ကြောင့် အဖွဲ့အစည်းချိတ်ဆက်မှုပြပုံကို ကြည့်ခြင်းအားဖြင့်ကျေးရွာဖွံ့ဖြိုးရေးအတွက် အရေးပါသောအဖွဲ့များနှင့် ပြင်ပမှ လာရောက်ကူညီပံ့ပိုးပေးသော အဖွဲ့များရှိနေသည်ကို သိရှိရပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၇) ဦး၊ မ (၁၇) ဦး

## ယပ်ရှုကျေးရွာနှင့်ဂွါဆီဆောင်ကျေးရွာ၏ ရာသီခွင်ပြဇယားများကိုဖော်ထုတ်ခြင်း



# လိုဘာခိုကျေးရွာအုပ်စု၊ ယပ်ခူနှင့်ဂွါဆီဆောင်ကျေးရွာ

## ရာသီစွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ဤသုံးသပ်ချက်ကို ကြည့်ခြင်းအားဖြင့် ဤကျေးရွာအတွက်တစ်နှစ်ပတ်လုံးလုပ်ငန်းများ လုပ်ဆောင်ခြင်းကို မှတ်တမ်းတင်ထားရှိသည့် ပုံစံဖြစ်သည်။

### ၁။ တောင်ယာခုတ်သည့်ကာလ

ကျေးရွာများတွင် တောင်ယာလယ်ယာမြေများရှိကြပြီး တောင်ယာကို အဓိကစိုက်ပျိုးကြပါသည်။ ထို့ကြောင့်တောင်ယာကို ဇန်နဝါရီလတွင် စတင်ခုတ်ရှင်းပြီး ဖေဖော်ဝါရီလတွင် အများဆုံး ခုတ်ရှင်းကြပါသည်။

### ၂။ စိုက်ပျိုး/ရိတ်သိမ်းသောကာလ

မေလတွင် လယ်ယာအတွက် စပါးမျိုးများချပြီး တောင်ယာတွင်စပါး၊ ငရုတ်သီးနှင့် အခြားသီးနှံများဖြစ်သော ပြောင်းဖူး၊ သခွား၊ ဖရုံများ အတွက်မျိုးချခဲ့ပါသည်။ ဇွန်လနှင့်ဇူလိုင်လတွင် လယ်စပါးများစိုက်ပျိုးကြပါသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် ပြောင်းဖူးနှင့် အချို့ သီးနှံများစားသုံးနိုင်ပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင် တောင်ယာ၊ လယ်ယာစပါးနှင့် ငရုတ်သီးများပြန်လည်ရိတ်သိမ်းရပါသည်။ ဤကျေးရွာများတွင် ငရုတ်သီးကို စီးပွားအဖြစ်အများဆုံးစိုက်ပျိုးကြသော်လည်း စိုက်ပျိုးရေးနည်းပညာမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်းနှင့် အရင်းအနှီးများသောကြောင့် ဝင်ငွေရရှိမှုနည်းပါးပါသည်။

### ၃။ တောင်ယာရှင်းသည့်ကာလ

မတ်လနှင့်ဧပြီလတွင် ခုတ်ရှင်းထားသောတောင်ယာများကို မီးရှို့ရှင်းလင်းပြီး ကျန်ရှိနေသေးသောမီးစာ သစ်တိုသစ်စများကိုလည်း ဆက်လက်ရှင်းလင်းရပါသည်။ မျိုးချသည့်အချိန်မှ ဖြစ်သော မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလအထိ တောင်ယာ၊ လယ်ယာများတွင် ပေါင်းပင်များ ရှင်းလင်းရပါသည်။

### ၄။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောကာလ၊ မိုးများသောကာလ

ဇွန်လတွင်မိုးများပြီး ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် မိုးအများဆုံးရွာသွန်းသောကြောင့်ဤကာလတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကာလလည်းဖြစ်ပါသည်။ နိုဝင်ဘာလတွင် မိုးရွာသွန်းမှုအနည်းငယ်သာ ကျန်ရှိပါသည်။

**၅။ ရေရှားပါးသည့်ကာလ**

ကျေးရွာများ ရေအရင်းအမြစ်မှ ပြုပြင်ထိန်းသိမ်းမှုအားနည်သောကြောင့် ရေထွက်သည့် ပမာဏ အားနည်းသော နွေရာသီ(မတ်၊ ဧပြီ၊ မေ) အချိန်တွင် ရေလုံလောက်မှုမရှိပါ။

**၆။ ဝမ်းစာဖူလုံမှုအဆင်မပြေသောကာလ**

ဤကာလသည် ဧပြီလမှ စက်တင်ဘာလအထိဖြစ်ပါသည်။ တောင်ယာလယ်ယာတွင် စပါး ပင်များ စိုက်ပျိုးကြသော်လည်း မိသားစုစားဝတ်နေရေးဖူလုံမှုမရှိပါ။ အဘယ်ကြောင့်ဆိုသော် တောင်ယာလယ်ယာပိုင်ဆိုင်မှုနည်းခြင်း၊ နည်းပညာနှင့် အရင်းအနှီးလိုအပ်နေရခြင်းဖြစ်သည်။

**၇။ ပွဲတော်ကာလ**


ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် လက်ထပ်မင်္ဂလာပွဲများ ပိုမိုကျင်းပပြီး မတ်လနှင့် ဧပြီလ တို့တွင် ရိုးရာတံခွန်တိုင်ပွဲနှင့် ကယန်းအမျိုးသားနေ့ပွဲ၊ ရိုးရာကြက်ရိုးထိုးပွဲများရှိကြပါသည်။ ဒီဇင် ဘာလတွင် ခရစ္စမတ်ပွဲများ ကျင်းပကြပါသည်။

**၈။ ကျန်းမာရေးအခြေအနေ**

စက်တင်ဘာလမှ ဇန်နဝါရီလအထိ ဤလများတွင် တုပ်ကွေးရောဂါအဖြစ်များပြီး ဖေဖော်ဝါ ရီလမှ မေလများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါပိုဖြစ်ပွားမှု များပါသည်။ ရောဂါများ ပြင်းထန်မှုမရှိ ပါကဆေးပေးခန်းတွင်သာ ဆေးဝါးကုသမှုခံယူကြပြီး ပြင်းထန်မှုရှိပါက မြို့ပေါ်သို့သွားရောက် ကုသမှုခံယူသောကြောင့် အသေအပျောက်နှုန်းနည်းပါသည်။

ပါဝင်ဆွေးနွေးသူ - ကျား (၂၇) ဦး၊ မ (၁၇) ဦး

## ယပ်ရူကျေးရွာနှင့်ဝှါဆီဆောင်ကျေးရွာ၏ ကော်မတီဝင်များစာရင်း


ကော်မတီဝင်စာရင်းများ

အုပ်စု - လိုဘာခို

ကျေးရွာ - ယပ်ရူ၊ ဝှါဆီဆောင်

ရက်စွဲ၊ ၁၈.၁၀.၁၇

| စဉ် | ကော်မတီအမည် | ရာထူး | အမည် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကျေးရွာစီ/ထောက်ကော်မတီ | ဥက္ကဋ္ဌ | ဦးစံသိန်း | |
| | | ဥက္ကဋ္ဌ | ဒေါ်မူယုနီ | - |
| ၂။ | ဝယ်ယူရေးဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလကလို | ဦးမြင့်အောင် |
| | | အဖွဲ့ဝင် | ဦးနေတာမူး | |
| | | အဖွဲ့ဝင် | ဒေါ်ဓဲဖေါ် | |
| ၃။ | တောင်ကြဲသုံး ကြိုးကြပ်ရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးမတ်ကို | |
| | | အဖွဲ့ဝင် | ဦးလိပ်ပိုင် | |
| | | အဖွဲ့ဝင် | ဒေါ်ခင်စန်းဝေ | |
| ၄။ | လည်ပတ်တိုင်းသိမ်းရေး ဆပ်ကော်မတီ | ခေါင်းဆောင် | ဦးလေးကျို | |
| | | အဖွဲ့ဝင် | ဦးမောင်လှ | |
| | | အဖွဲ့ဝင် | ဒေါ်မူဘွဲ | |
| ၅။ | ကျေးရွာငွေစာရင်းကိုင် | အဖွဲ့ဝင် | ဦးမောင်ထွဋ် | |
| ၆။ | [illegible] အကြံပြုတိုင်ကြားဖြေရှင်းရေးကော်မတီ | အဖွဲ့ဝင် | ဦးအန်ဂျေလို | |
| | | အဖွဲ့ဝင် | ဒေါ်စေးနေရှူး | |
| ၇။ | ကျေးရွာစေတနာ့ဝန်ထမ်း | အဖွဲ့ဝင် | ဦးမောင်ညိုင်း | |
| | | အဖွဲ့ဝင် | ဒေါ်မူပေါ် | |

## ယပ်ခူကျေးရွာနှင့်ဝှါဆီဆောင်ကျေးရွာရှိ ကော်မတီဝင်များ၏ဓါတ်ပုံ



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ






လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

**လမ်းညွှန်ချက်။** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေးမြန်းရမည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| | | |
|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး ဒီး ယူ | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်ဝူး အယ်ရှိုင်း |
| ပြည်နယ်၊ တိုင်းဒေသကြီး ကယား / မြို့နယ် ဒီမော့ဆို | ကျေးရွာအုပ်စု ပိုကာရီ | ကျေးရွာ ယယ်ရှု |

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---------- | ၅၁ | ဘာသာ (၁) နတ်ကိုးကွယ် | ၃၉ |
| လူမျိုးစု (၂) ---------- | | ဘာသာ (၂) ကက်သလစ် | ၆ |
| လူမျိုးစု (၃) ---------- | | ဘာသာ (၃) ဗတ္တစ် | ၆ |
| လူမျိုးစု (၄) ---------- | | | |
| လူမျိုးစုရော ---------- | | ဘာသာရော ---------- | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ---- ကယန်း ---- | ၁၆၁ | ၁၄၉ |
| လူမျိုးစု (၂) ---------- | | |
| လူမျိုးစု (၃) ---------- | | |
| လူမျိုးစု (၄) ---------- | | |
| လူမျိုးစု (၅) ---------- | | |
| အိမ်ထောင်ဦးစီး | ၄၈ | ၃ |

လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် [illegible] | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ___________ |

လူထုပဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက်<br>[illegible] | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☐ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း (circled) | လူသွားလမ်း | အခြား ______________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

**ပုံစံ - စ -၂- စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)**

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဒေါ်ရှာ·မယ်ကျိုင် | | |
| နေ့စွဲ | ၁၈-၁၀-၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု လိုကော် | ကျေးရွာ ယင်းဒု+ဖူးဆီဘောင် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့် နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၈-၁၀-၁၇ | ၁၈-၁၀-၁၇ | ၂၇ | ၁၇ | ၄၃ | ကယန်း ၄၄ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၈-၁၀-၁၇ | ၁၈-၁၀-၁၇ | ၂၆ | ၁၇ | ၄၂ | ကယန်း ၄၃ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၃-၁၀-၁၇ | ၂၃-၁၀-၁၇ | ၇ | ၇ | ၁၄ | ကယန်း ၁၄ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၈-၁၁-၁၇ | ၈-၁၁-၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 21-12-17 | 21-12-17 | 19 | 18 | 37 | ကယန်း 37 |

လူထုဝပ်ပိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 8.1.18 | 8.1.28 | 9 | 8 | 17 | ကောင်း | 17 |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | 8.1.18 | 8.1.18 | 9 | 8 | 17 | ကောင်း | 17 |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 8.1.18 | 8.1.18 | 9 | 8 | 17 | ကောင်း | 17 |
| ၆.၄။ မြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 8.1.18 | 8.1.18 | 9 | 8 | 17 | ကောင်း. | 17 |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်ရှူး နယ်ဂျိုင်း | |
| နေ့စွဲ ၁၈.၁၀.၂၂ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) □ စက်ဝန်း(၂) ✓စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် ဗန်းမော် / ကျေးရွာအုပ်စု [illegible] / ကျေးရွာ [illegible] |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး မကောင်းသည်. | ၁ | ဒေသခံ ဝင်ငွေ မရှိသည်. [illegible] |
| ၂ | ဆိုး မကောင်း မရှိသည်. | ၂ | ဆားဝတ်ဆေးရေး မပြည့်စုံသည်. |
| ၃ | ရေမလုံလောက်ခြင်းနှင့်ပြဖြင်ဆိုင်းသိမ်းမှုမရှိသည်. | ၃ | စာသင်ကျောင်းဆရာ ကြိုး မရှိသည်. |
| ၄ | စာသင်ကျောင်းဆရာကြိုးနှင့် ဖြေဆိုနိုင်မှုမရှိသည်. | ၄ | လမ်းပန်းဆက်သွယ်ရေး မကောင်းသည်. |
| ၅ | အားလေးဆိုး မရှိသည်. | ၅ | ဆိုး မကောင်းမရှိသည်. |

၆. မြို့ရဲ့သော ဘောလုံးကွင်း မရှိသည်.    ၆. ပျံပအိမ်ဖြီး မရှိသည်.

၇. ပျံ့ပအိမ်ဖြီး မရှိသည်.
၈. ဝင်ငွေတိုးမြင့်မှု မရှိသည်.

၇. အားလေးဆိုး မရှိသည်.
၈. ရေမလုံလောက်ခြင်းနှင့်ပြဖြင်ဆိုင်းသိမ်းမှုမရှိသည်.
၉. မြို့ရဲ့သော ဘောလုံးကွင်း မရှိသည်.

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရွာတွင်းလမ်း မြောက်/ကွန်ကရစ်လမ်း ဖြစ်လာချင် | ၁ | ဆိုး မကောင်း ရရှိချင် |
| ၂ | ဆိုး မကောင်း ရရှိချင် | ၂ | ရွာတွင်းလမ်း ကွန်ကရစ်လမ်း ဖြစ်လာချင် |
| ၃ | ရေလုံလောက်စွာနှင့် သန့်ရှင်းသောရေ ရရှိချင် | ၃ | ရေလုံလောက်စွာနှင့်မြို့ရဲ့သော ရေကွက်ရေချိုးမှုများ ရရှိချင် |
| ၄ | စာသင်ကျောင်းဆရာကြိုးနှင့် ဖြေဆိုနိုင် ရရှိချင် | ၄ | အားလေးဆိုး ရှိလာချင် |
| ၅ | ခိုင်ခံ့သောဘောလုံးကွင်း ရရှိချင် | ၅ | စာသင်ကျောင်းဆရာကြိုးနှင့် ဝင်ငွေ တိုးမြင့်လာချင် |

၆. အားလေးဆိုး ရှိလာချင်    ၇. ဆားဝတ်ဆေးရေး ပြည့်စုံလာချင်    ၆. ခိုင်ခံ့သောဘောလုံးကွင်း ရှိလာချင်    ၇. ဆားဝတ်ဆေးရေး ပြည့်စုံလာချင်    ၈. ပျံ့ပအိမ်ဖြီး ရရှိချင်

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာချင်းဆက် မြောက်လမ်း | ကျ+မ | ၄၇ သိန်း | ၃၂၈ |
| ၂ | ဆိုး မကောင်း | ကျ+မ | ၁၇၀ သိန်း | ၃၇၀ |
| ၃ | ရေတွက်ပေါက်ရေချိုး ကမြီး+ [illegible] | ကျ+မ | | ၃၂၈ |
| ၄ | စာသင်ကျောင်းဖြေဆိုနိုင် | ကျ | | ၃၇၀ |
| ၅ | စာသင်ကျောင်းဆရာကြိုး | ကျ+မ | | ၃၇၀ |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

၆. ဘောလုံးကွင်း    ကျ+မ    ၃၇၀

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး | အဆိုပြုသူ (အမျိုးသားများ/ | အခန်းကဏ္ဍ |
|---|---|---|---|

| | တိုးတက်မှု လုပ်ငန်းစဉ်များ | အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | |
|---|---|---|---|
| ၁ | ကျွဲ၊ နွားမွေးမြူ | က+မ | |
| ၂ | ဆေးလေးထိုး | က+မ | |
| ၃ | တမ်းရှား ဆွေး ဖြေကျ နှင့် ပညာ | က+မ | |
| ၄ | ခိုက်မှုကြီးကျ နှင့် ပညာ | က | |
| ၅ | ဝပ်ရှော့ (စက်ယန္တရား) သင်တန်း | က | |


ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ......ဒေါ်မှုယုနိ...... လက်မှတ် ......[illegible]...... နေ့စွဲ ......၁၈ . ၁၀ . ၁၇......

၆. နိမ်တွင်းမှ မှို့ မွေးမြူ — မ

၇. လက်သမား ပန်းပဲ သင်တန်း — က

၈. ပညာရေး တိုးတက်ရေး ကိစ္စ — က+မ




နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | [illegible] | ☐မ ☑ကျား | | |
| | ၃ | [illegible] | ☑မ ☐ကျား | | |
| | ၄ | [illegible] | ☐မ ☑ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | [illegible] | ☑မ ☑ကျား | | |
| | ၂ | | ☐မ ☐ကျား | | |
| | ၃ | | ☐မ ☐ကျား | | |
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| ပညာရေး | ၁ | [illegible] | ☐မ ☑ကျား | | |
| | ၂ | [illegible] | ☑မ ☑ကျား | | |
| | ၃ | [illegible] | ☑မ ☑ကျား | | |



| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | ရွာချင်းဆက် မြေသားလမ်း | ☑ မ<br>☑ ကျား | | |
| | ၂ | ရေထွက်ပေါက်ပြင်ရန်း ကိုးအားကာ+ဖြစ်တွင်းရှိ | ☑ မ<br>☑ ကျား | | |
| | ၃ | ဘောလုံးကွင်း | ☑ မ<br>☑ ကျား | | |
| | ၄ | ကျပ်ဆိပ် | ☑ မ<br>☑ ကျား | | |
| | ၅ | ဆေးခန်း (ဆက်မနာကျား) သင်တန်း | ☐ မ<br>☑ ကျား | | |

## ပထမအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာ | - | **ယပ်ရူ၊ ဝါဆီဆောင်** |
| အုပ်စု | - | **လိုဘာရို** |
| ပြုလုပ်သည့်နေရာ | - | **ဒေါ်မူယုန်နေအိမ်၊ ယပ်ရူကျေးရွာ** |
| နေ့စွဲ | - | **၁၈.၁၀.၂၀၁၇** |
| တက်ရောက်သူ | - | **ကျား (၂၇) ဦး၊ မ (၁၇) ဦး** |

အစည်းအဝေးမစတင်မီ တက်ရောက်သူစာရင်းကို ကောက်ယူထားပါသည်။ အစည်းအဝေးကို နံနက် (၉:၃၀)နာရီအချိန်တွင် စတင်ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးဦးသီးယူမှ အဖွင့်အမှာစကား ပြောကြားသွားပါသည်။ ထို့နောက်လူထုစည်းရုံးရေးမှူး ဒေါ်ထူးအယ်ဂျိုင်းမှ စီမံကိန်းမိတ်ဆက်ခြင်းအချက် (၁၅)ချက်ကို ရှင်းလင်းတင်ပြခဲ့ပြီး တစ်ဆက်တည်းမှာပင် စီမံကိန်းစက်ဝန်းအပိုင်း (၆)ပိုင်းနှင့် အဆင့် (၁၄)ဆင့်ကို ရှင်းလင်းပြောကြားခဲ့ပါသည်။

ဆက်လက်ပြီး ကော်မတီများ၏ တာဝန်ဝတ္တရားများကို လက်ထောက်နည်းပညာမှူး ဦးစိုးမြင့်မှ ရှင်းလင်းပြောကြားပြီး ကော်မတီများကို ပြန်လည်အတည်ပြုခြင်းနှင့် အသစ်ပြန်လည်ရွေးချယ်သွားပါသည်။

ထို့နောက် လူမှုဆန်းစစ်ခြင်းကို ကျေးရွာလူထုနှင့်တကွ ဆန်းစစ်ဖော်ထုတ်ခဲ့ကြရာတွင် ယခင်နှစ်ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ခြင်းများကို မှီငြမ်းပြီး ဖြည့်စွက်အတည်ပြုခဲ့ကြပါသည်။ ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များမှာ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ၊ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း၊ ကျား-မရေးရာပိုင်ဆိုင်မှုနှင့်ထိန်းချုပ်မှု၊ ရာသီခွင်ပြဇယား၊ ပင့်ကူအိမ်သုံးသပ်ချက်နှင့် အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုပြဇယား စသည်တို့ဖြစ်ပါသည်။

ထိုအစီအစဉ်အားလုံးပြီးနောက် ပထမအကြိမ်ကျေးရွာအစည်းအဝေးကို နေ့လယ်(၁၂:၃၀) နာရီတွင် ပိတ်သိမ်းနိုင်ခဲ့ပါသည်။

ဒေါ်ထူးအယ်ဂျိုင်း
မှတ်တမ်းတင်သူ
လူထုစည်းရုံးရေးမှူး

# ဒုတိယအကြိမ်ကျေးရွာအစည်းအဝေးမှတ်တမ်း

| | | |
|---|---|---|
| ကျေးရွာ | - | **ယပ်ရူ၊ ဝှါဆီဆောင်** |
| အုပ်စု | - | **လိုဘာခို** |
| ပြုလုပ်သည့်နေရာ | - | **ဒေါ်မူယုန်နေအိမ်၊ ယပ်ရူကျေးရွာ** |
| နေ့စွဲ | - | **၁၈.၁၀.၂၀၁၇** |
| တက်ရောက်သူ | - | **ကျား (၂၆) ဦး၊ မ (၁၇) ဦး** |

အစည်းအဝေးကို မွန်းလွဲ(၁:၃၀)နာရီအချိန်တွင် ပြန်လည်စတင်ပြီး တက်ရောက်သူစာရင်းကောက်ယူခဲ့ပါသည်။ ပြီးနောက် ပထမအကြိမ်အစည်းအဝေးတွင် ပြုလုပ်ခဲ့သော လူမှုဆန်းစစ်ချက်များအရ အားလုံးပြန်လည်အနှစ်ချုပ်ခဲ့ပါသည်။ ထို့နောက် ဦးစိုးမြင့်(TF)မှ ကျေးရွာအခက်အခဲပြဿနာများ၊ မျှော်မှန်းချက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များကို ဖော်ထုတ်ဆွေးနွေးခဲ့ပါသည်။

ဆက်လက်ပြီး လုပ်ငန်းအတည်ပြုရွေးချယ်နိုင်ရန်အတွက် အကျိုးဝင်သောလုပ်ငန်းနှင့်အကျိုးမဝင်သောလုပ်ငန်းများကို ရှင်းပြခဲ့ပါသည်။ ထို့နောက် ဦးစားပေးလုပ်ငန်းများသတ်မှတ်ခြင်းကို အတည်ပြုရွေးချယ်ခဲ့ပါသည်။ အစီအစဉ်အရ အကာအကွယ်များအကြောင်းကို ရှင်းပြခဲ့ပြီး ဒေါ်ထူးအယ်ဂျိုင်း(CF)မှ ဝေဖန်အကြံပြုတိုင်ကြားရေးစနစ်ကို ရှင်းပြခဲ့ပြီး ဦးလကလို ဝယ်ယူရေးကော်မတီမှ ကျေးဇူးတင်စကားပြောကြားသွားပါသည်။

အစည်းအဝေးကို ညနေ (၄:၀၀)နာရီတွင် အောင်မြင်စွာ ပိတ်သိမ်းနိုင်ခဲ့ပါသည်။


ဒေါ်ထူးအယ်ဂျိုင်း
မှတ်တမ်းတင်သူ
လူထုစည်းရုံးရေးမှူး

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

လိုဘာဒီအုပ်စု၊ ဒါဆီအောင်ကျေးရွာ

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁။ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Social Map/ Resource Map) | ၂၈.၁၀.၂၀၂၃ | ရပ်မိရပ်ဖ၊ ကော်မတီ၊ ကျေးရွာလူထုများ အားလုံး | ၂၇ | ၁၇ | ၄၄ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေ၊ လယ်ယာ မြေများ၊ ရေထွက် ပေါက်၊ ရေလှောင်ကန်၊သစ်တောများ။ |
| ၂။ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၂၈.၁၀.၂၀၂၃ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး | ၂၇ | ၁၇ | ၄၄ | ကျေးရွာလူမှုစီးပွားရေး ကိုအုပ်စုများခွဲခြား သတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ရန် အများ လူထု သဘောတူ သတ်မှတ် ခြင်း။ |
| ၃။ | ကျား/မရေးရာ ကဏ္ဍ (Assect Mapping) | ၂၈.၁၀.၂၀၂၃ | ကျေးရွာတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၂၇ | ၁၇ | ၄၄ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အဦစသော လုပ်ငန်းများကိုဘယ်သူတွေက အသုံးပြုထိန်းချုပ်နေသလဲဆိုတာကိုဆွေးနွေးမှုများ ပြုလုပ်ခြင်း။ |
| ၄။ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၂၈.၁၀.၂၀၂၃ | အမျိုးသားများနှင့် အမျိုးသမီးများ ကျေးရွာလူထု | ၂၇ | ၁၇ | ၄၄ | အမျိုးသားများနှင့် အမျိုးသမီးများတန်းတူ အခွင့်အရေးရရှိမှုနှင့် မရရှိသည့်အကြောင်း အရင်းများ (လုပ်အားခ) |
| ၅။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၂၈.၁၀.၂၀၂၃ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၂၇ | ၁၇ | ၄၄ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်အုပ်စု | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၆။ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၂၀၁၇.၁၀.၂၄ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူများ | ၂၇ | ၁၇ | ၄၄ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ ၊ လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အ ရောင်းအဝယ်/လွတိုက်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုး ကာလ၊ ဝင်ငွေအကောင်းဆုံးလ၊ အလုပ်ပါးကာ လ၊ ရေရှားကာလ။ |
| ၇။ | အခက်အခဲ (Problem) | ၂၀၁၇.၁၀.၂၄ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး | ၂၆ | ၁၇ | ၄၃ | ငွေကြေးအရင်းအနှီးမရှိ၊လမ်းပန်းဆက်သွယ်ရေး မီးလင်းရေး၊ရေလုံလောက်မှုမရှိ၊ ဖုန်းဆက်သွယ်ရေး ကျန်းမာရေး ပညာရေး၊စီးပွားရေး စည်းလုံးခြင်းမရှိ။ |
| ၈။ | ကျေးရွာ၏ (၄)နှစ် စာဦးစားပေးအစီအစဉ်ပြဇယား (Matric Ranking) | ၂၀၁၇.၁၀.၂၄ | ကျေးရွာ လူထုအားလုံး | ၂၆ | ၁၇ | ၄၃ | စီးပွားရေးပိုမိုကောင်းမွန်လာ၊ ပညာရေး၊လူမှုရေး၊ ကျန်းမာရေး၊ ဘာသာ ရေးပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊စား ဝတ်နေရေးပိုမိုအဆင်ပြေလာ။ |
| ၉။ | ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(Village Approve Vision) | ၂၀၁၇.၁၀.၂၄ | ကျေးရွာ လူထုအားလုံး | ၂၆ | ၁၇ | ၄၃ | လမ်း(ကတ္တရာ)၊မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်းတိုး ချဲ့ |
| ၁၀။ | ကျေးရွာဦးစားပေးလုပ်ငန်းစဉ်များ (Village Object Vision) | ၂၀၁၇.၁၀.၂၄ | ကျေးရွာ လူထုအားလုံး | ၂၆ | ၁၇ | ၄၃ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့်သတ်မှတ်ခြင်းတိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေတွက်ချက်ခြင်း၊အကိုးခံစားခွင့်ရှိသူ လူဦးရေ |
| ၁၁။ | ကျေးရွာသမိုင်းအကျဉ်းချုပ် (History) | ၂၀၁၇.၁၀.၂၄ | အမျိုးသမီး၊ အမျိုးသား၊ လူထုအားလုံး၊ | ၃ | ၁ | ၄ | ကျေးရွာစတင်တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး ဘာသာစသောကျေးရွာသမိုင်း အချက်အလက်အဆင့်ဆင့်များ ကိုဖော်ထုတ်ခြင်း |



VDP အစည်းအဝေးထိန်းချုပ်မှု

ထိန်းချုပ်သူ ............ ရက်စွဲ - ဖွဲ့ဆိုချောင်းရွာ - VDPရက်စွဲ - ၁၈-၁၀-၁၇

(၁) VDP စာရွက်စာတမ်းနှင့်ဆုံးချက်ကိုစစ်ဆေးပါ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား၊ အမျိုးသမီးအဖွဲ့ များ၏ အကော်အမဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား၊ အမျိုးသမီးအဖွဲ့ များသဘောတူထားသည့် နောက်(၄)နှစ်အတွက် ဦးစားပေးလုပ်ငန်းများ စာရင်း( အခြေခံအဆောက်အဦး၊ အသက်မွေးမှု၊ ပညာရေး၊ ကျန်းမာရေးထိန်းသိမ်းမှု...)

နောက်ဆက်တွဲများ

- လူမှုရေးအတဲမြြတ်မှု၊ စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင် ဓါတ်ပုံများပါရမည်) စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ Venn ပုံ
- ကျေးရွာစီမံကိန်းရေးဆွဲရေး အစည်းအဝေးမှတ်တမ်း
- ကျေးရွာ၏အချက်အလက် PC-1 ပုံစံ
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအတဲမြြတ်မှုအစည်းအဝေးနှင့် VDP စစ်ဆေးပါ

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/ အမျိုးသမီး)
- လူမှုရေးအတဲမြြတ်မှုအစည်းအဝေးနှင့် VDP အတွက်ရက်ပေါင်း
- PRA Tools များအသုံးပြုသည့် အရေအတွက်
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများမှတ်တမ်းတင်ခြင်း (စည်းဝေးမှတ်တမ်း)

အဖွဲ့ ဓါတ်ပုံ၊ တိုင်းရင်းသားလူနည်းစုနှင့် ထိခိုက်လွယ်သောအဖွဲ့ များ

- အလွန်ကောင်း
- ကောင်း
- ညံ့

လုပ်ငန်းများမှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့ အစည်းအဝေး၏ရလဒ်အား ခွဲခြားပေးထားသလား

- ရှိ
- မရှိ

စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)

PRA နှင့် သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် ((အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)